## မြန်မာ့တိုင်းရင်းဆေးသုံး ကန့်ပြာ၊ ကျောက်ဆေးဒါန်းပြာ နှင့် ယမ်းတေဇောငြိမ်း တို့၏ လတ်တလောအဆိပ်အာနိသင်ကို ဓာတ်ခွဲခန်းသုံး ကြွက်ဖြူလေးများပေါ်တွင် စမ်းသပ်လေ့လာခြင်း

ဆွေဆွေ[၁]၊ လှမျိုးဝင်း[၂]၊ သိန်းဇော်လင်း[၂]၊ စန္ဒာလင်း[၁]၊ ဝေမီအောင်[၁]၊ ဆွေဇင်အောင်[၁]၊ အေးအေးထွန်း[၁]၊ သန်းမောင်[၂]၊ ရီရီမြင့်[၁]

[၁] ဆေးသုတေသနဦးစီးဌာန (ပြင်ဦးလွင်ရုံးခွဲ)
[၂] တိုင်းရင်းဆေးတက္ကသိုလ်၊ တိုင်းရင်းဆေးပညာဦးစီးဌာန

<u>စာတမ်းအကျဉ်း</u>

မြန်မာ့တိုင်းရင်းဆေးပညာဆိုသည်မှာ ဒေသနာနယ၊ ဘေသဇ္ဇနယ၊ နက္ခတ္တဗေဒနယ၊ ဝိဇ္ဇာဓရနယ ဟူသော နယကြီး (၄)ပါး အနက် တစ်ပါးပါးနှင့် အကျုံးဝင်သော အသက်ရှည်ရာ အနာမဲ့ကြောင်း ဆေးပညာရပ်ဖြစ်ပြီး ဝိဇ္ဇာဓရနယဆေးပညာသည် ဓာတ်ဆေးများကို အခြေခံ၍ အသုံးပြု ကုသသော ဆေးပညာ တစ်ရပ် ဖြစ်ပါသည်။ ဓာတ်ဆေးပစ္စည်းများကို အဆိပ်ဟူ၍ လူအများ နားလည် လက်ခံထားကြပါသည်။ ထို့ကြောင့် ဤသုတေသနတွင် ဝိဇ္ဇာဓရနယ ဆေးပညာတွင် ထည့်သွင်း အသုံးပြုသော ကန့်ပြာ၊ ကျောက်ဆေးဒါန်းပြာ နှင့် ယမ်းတေဇောငြိမ်း တို့၏ လတ်တလော အဆိပ်အာနိသင် ရှိ/မရှိကို ဓာတ်ခွဲခန်းသုံး ကြွက်ဖြူလေးများ (Mice) ပေါ်တွင် စမ်းသပ်ခဲ့ပါသည်။ အစမ်းသပ်ခံ တိရစ္ဆာန်များဖြင့် လေ့လာသော ဓာတ်ခွဲခန်း အခြေပြု စမ်းသပ်သည့် ပုံစံဖြစ်ပြီး ၂၀၁၄ ခုနှစ် ဇွန်လ မှ ၂၀၁၅ ခုနှစ် မတ်လ အတွင်း ဆေးသုတေသနဦးစီးဌာန(အထက်မြန်မာပြည်) တွင် ဆောင်ရွက်ခဲ့ပါသည်။ ဆေး(၁)မျိုးစီ အတွက် ကြွက်ဖြူလေး (၄၀)ကောင်ကို ကျပန်းနည်းကို သုံး၍ (၁)အုပ်စုလျှင် (၁၀)ကောင် နှုန်း ဖြင့် အထီးနှင့် အမတို့ အညီအမျှ ပါဝင်စေလျက် အုပ်စု (၄)စု ခွဲ ပါသည်။ သုတေသနမစမီ တစ်ညကြိုတင်၍ ကြွက်များအား အစာဖြတ်ထားပါသည်။ ဦးစွာ အစမ်းသပ်ခံ ကြွက်များ၏ အုပ်စု (၁)၊ (၂) နှင့် (၃) တို့ကို ကန့်ပြာ ၂၇၊ ၅၄၊ ၁၀၈ မီလီဂရမ်/ကီလိုဂရမ် (လူတစ်ခါသောက် ဆေးချိန်၏ အဆ ၂၀၊ ၄၀၊ ၈၀) အသီးသီး တို့ကို လည်းကောင်း၊ အုပ်စု(၄)ကို ပေါင်းခံရည် ၁၀ မီလီလီတာ/ကီလိုဂရမ်ကို လည်းကောင်း ပါးစပ်မှ တစ်ကြိမ်တည်း တိုက်ကျွေးခဲ့ပါသည်။ ကြွက်များ (၂၄)နာရီအတွင်း သေဆုံးမှု ရှိ/မရှိ နှင့် အခြားသော အဆိပ်အာနိသင်ဆိုင်ရာ လက္ခဏာများ ရှိ/မရှိကို ရက်သတ္တ(၂)ပတ် အထိ စောင့်ကြည့် လေ့လာခဲ့ပါသည်။ထို့အတူ ကျောက်ဆေးဒါန်းပြာ စမ်းသပ်သော ကြွက်များ၏ အုပ်စု (၁)၊ (၂) နှင့် (၃) တို့ကို ကျောက်ဆေးဒါန်းပြာ ၂၇၊ ၅၄၊ ၁၀၈ မီလီဂရမ်/ကီလိုဂရမ် အသီးသီး တို့ကို လည်းကောင်း၊ ယမ်းတေဇောငြိမ်း စမ်းသပ်သော ကြွက်များ၏ အုပ်စု (၁)၊ (၂) နှင့် (၃) တို့ကို ယမ်းတေဇောငြိမ်း ၁၀၀၊ ၂၀၀၊ ၄၀၀ မီလီဂရမ်/ကီလိုဂရမ် အသီးသီး တို့ကို လည်းကောင်း တိုက်ကျွေးပြီး ကန့်ပြာစမ်းသပ်သည့် အထက်ပါနည်း အတိုင်း စမ်းသပ် ဆောင်ရွက်ခဲ့ပါသည်။ စမ်းသပ်သောဆေးများ၏ အမြင့်ဆုံးဆေးချိန် (လူတစ်ခါသောက် ဆေးချိန်၏ အဆ ၈၀) အထိတွင်ပင် ကြွက်ဖြူလေးများ တစ်ကောင်မျှ သေဆုံးခြင်းမရှိသည့် အပြင် အခြားသော အဆိပ်အာနိသင်ဆိုင်ရာ လက္ခဏာများလည်း မတွေ့ရှိရပါ။ စမ်းသပ်မှု ပြီးချိန်တွင် စမ်းသပ်ဆေး တိုက်ကျွေးသော အုပ်စုများရှိ ကြွက်များ နှင့် ပေါင်းခံရည်သာ တိုက်ကျွေးသော အုပ်စုရှိ ကြွက်များ၏ ကိုယ်အလေးချိန်တို့သည် သိသာစွာ ခြားနား ပြောင်းလဲခြင်းမရှိပါ။ သို့ဖြစ်ပါ၍ မြန်မာ့တိုင်းရင်းဆေးပညာ၏ ဝိဇ္ဇာဓရနယ ဆေးပညာသုံး ကန့်ပြာ၊ ကျောက်ဆေးဒါန်းပြာ နှင့် ယမ်းတေဇောငြိမ်း တို့၏ လက်တွေ့ အသုံးပြုနေသော ဆေးဝါးပုံစံ၏ ဆေးချိန်တွင် လတ်တလော အဆိပ်အာနိသင် မရှိကြောင်းနှင့် စိတ်ချရမှုကို ဤသုတေသနဖြင့် သိပ္ပံနည်းကျ သက်သေပြနိုင်ခဲ့ပါသည်။